# စူဠဝေဒလ္လသုတ် အနှစ်ချုပ်

ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးနေတော်မူစဉ် အနာဂါမ်ဖြစ်သော ဝိသာခ ဥပါသကာသည် ဇနီးအဖြစ်မှ ဘိက္ခုနီမပြု၍ ရဟန္တာဖြစ်သွားသော ဓမ္မဒိန္နာဘိက္ခုနီမအား တရားရ၊ မရ စုံစမ်းလိုသဖြင့် မေးမြန်းမှုများကို ဓမ္မဒိန္နာဘိက္ခုနီမက ဖြေထားခြင်းဖြစ်သည်။

## သက္ကာယ

စွဲလမ်းအပ်သည့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါးသည် သက္ကာယ ဖြစ်သည်။

## သက္ကာယဖြစ်ကြောင်း

တဖန်ဘဝသစ်ကို ဖြစ်ပေါ်စေတတ်၍ နှစ်သက်စွဲငြိခြင်းနှင့် အတူဖြစ်ပြီး ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်သော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ (၃) မျိုးတို့သည် သက္ကာယ ဖြစ်ကြောင်း ဖြစ်သည်။

## သက္ကာယချုပ်ငြိမ်းခြင်း

ထိုတဏှာ(၃)မျိုးတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည် သက္ကာယချုပ်ငြိမ်းခြင်း ဖြစ်သည်။

## သက္ကာယချုပ်ငြိမ်းရေးအကျင့်

အရိယာမဂ္ဂင်(၈)ပါးသည် သက္ကာယချုပ်ငြိမ်းရေးအကျင့် ဖြစ်သည်။

## စွဲလမ်းမှု ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်ပါသလား? ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာငါးပါးမှ တခြားဖြစ်ပါသလား?

ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာငါးပါး မဟုတ်။
ဥပါဒါနက္ခန္ဓာငါးပါးမှ တခြားလည်း မဟုတ်။ အမှန်စင်စစ်မှာ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှုသည် ဥပါဒါန်ဖြစ်သည်။

## သက္ကာယဒိဋ္ဌိ (၂၀) ဖြစ်ပေါ်ခြင်း

သူတော်ကောင်းတို့ကို မတွေ့မမြင်ရဖူးသည်ဖြစ်၍ သူတော်ကောင်းတရား၌ လိမ္မာ ယဉ်ကျေးခြင်း မရှိဘဲ အကြားအမြင်သုတနည်းသော ပုထုဇဉ်ပုဂ္ဂိုလ်သည်-

- ရုပ်ကို ငါဟုထင်မြင်ခြင်း၊
- ငါမှာ ရုပ်ရှိ၏ ဟု ထင်မြင်ခြင်း၊
- ငါ၌ ရုပ်ရှိ၏ ဟု ထင်မြင်ခြင်း၊
- ရုပ်၌ ငါရှိ၏ ဟု ထင်မြင်ခြင်း။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း နည်းတူ (၄)မျိုးစီ ထင်မြင်ခြင်း။

(ခန္ဓာ ၅ x ထင်မြင်ခြင်း ၄ = ၂၀)

ထင်ရှားရှိသော ခန္ဓာ(၅)ပါး (ရုပ်နာမ်တရား)အပေါင်း၌ "ငါ" ဟု ထင်မှားခြင်းသည် သက္ကာယဒိဋ္ဌိ ဖြစ်၏။

## သက္ကာယဒိဋ္ဌိ (၂၀) ကင်းကွာခြင်း

သူတော်ကောင်းတို့ကို တွေ့မြင်ရဖူးသည်ဖြစ်၍ သူတော်ကောင်းတရား၌ လိမ္မာယဉ် ကျေးပြီး အကြားအမြင် သုတနှင့် ပြည့်စုံသော အရိယာတပည့်သည် ခန္ဓာငါးပါး၌ ငါဟု မထင်မြင်လျှင် သက္ကာယဒိဋ္ဌိ ကင်းကွာ၏။

## အရိယာမဂ်အင်္ဂါ (၈) ပါး

- သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ (ပညာ)
- သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (သီလ)
- သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ (သမာဓိ)

## အရိယာမဂ်သည် သင်္ခတတရားလား? အသင်္ခတတရားလား?

**အရိယာမဂ်**သည် အကြောင်းတရားများ ပြုပြင်ဖန်တီးအပ်သောကြောင့် (ဥပါဒ်, ဌီ, ဘင် ခဏ ငယ် သုံးချက်မျှသာ တည်သောကြောင့်) **သင်္ခတတရား** ဖြစ်သည်။

အသင်္ခတတရားသည် နိဗ္ဗာန်(၁)ပါးတည်းသာဖြစ်၍ အသင်္ခတတရား မဟုတ်ပါ။

**အရိယာမဂ်ဖြင့် သီလက္ခန္ဓာ၊ သမာဓိက္ခန္ဓာ၊ ပညာက္ခန္ဓာ (၃)ပါးတို့ကို သွင်းယူနိုင်သလား?**

**ထိုခန္ဓာ(၃)ပါးတို့ဖြင့် အရိယာမဂ်ကို သွင်းယူနိုင်ပါသလား?**

**၁။ သီလက္ခန္ဓာ**

**လောကီသီလ** - လောကီစိတ်တို့နှင့် အတူဖြစ်သော သီလ၊

**လောကုတ္တရာသီလ**- မဂ်ဖိုလ်လောကုတ္တရာစိတ်တို့နှင့် အတူဖြစ်သော သီလ၊

**၂။ သမာဓိက္ခန္ဓာ**

**လောကီသမာဓိ** - ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ ဝိပဿနာခဏိကသမာဓိ၊

**လောကုတ္တရာသမာဓိ -** မဂ်ဖိုလ်လောကုတ္တရာစိတ်တို့နှင့် အတူဖြစ်သော သမာဓိ၊

**၃။ ပညာက္ခန္ဓာ**

**လောကီပညာ** - ကမ္မဿကတာဉာဏ်၊ ရူပဈာန် အရူပဈာန်တို့နှင့် အတူဖြစ်သော

. ပညာ အဘိညာဉ်ဉာဏ်။

**လောကုတ္တရာပညာ** - လောကုတ္တရာ မဂ်ဖိုလ်ပညာ၊

**၄။ ဝိမုတ္တိက္ခန္ဓာ = အရိယာဖိုလ်တရား**

**၅။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ = ပစ္စဝေက္ခဏာဉာဏ်၊**

အရိယာမဂ်သည် လောကုတ္တရာမဂ်ဖြစ်၍ အရာကျဉ်းသည်။

သီလက္ခန္ဓာ၊ သမာဓိက္ခန္ဓာ၊ ပညာက္ခန္ဓာ (၃)ပါးသည် လောကီလောကုတ္တရာတရားဖြစ်၍ အရာကျယ်သည်။

အကျဉ်းထဲမှာ အကျယ်သွင်း၍ မရ၊ အကျယ်ထဲမှာသာ အကျဉ်းသွင်း၍ ရသည်။

သီလက္ခန္ဓာ၊ သမာဓိက္ခန္ဓာ၊ ပညာက္ခန္ဓာ (၃)ပါးတို့ဖြင့်သာ အရိယာမဂ်ကို သွင်းယူရသည်။

- ➢ သီလမဂ္ဂင်(၃)ပါးကို အမျိုးတူ ဇာတ်တူအဖြစ်ဖြင့် သီလအစု၌ သွင်းယူရသည်။
- ➢ သမ္မာသမာဓိမဂ္ဂင်ကို အမျိုးတူ ဇာတ်တူအဖြစ်ဖြင့် သမာဓိအစု၌ သွင်းယူရသည်။

➢ သမ္မာဝါယာမ၊ သမ္မာသတိမဂ္ဂင်တို့ကို သမာဓိအား အကူအညီပြုခြင်းဖြင့် သမာဓိအစု၌ သွင်းယူရသည်။

➢သမ္မာဒိဋ္ဌိမဂ္ဂင်ကို အမျိုးတူ ဇာတ်တူအဖြစ်ဖြင့် ပညာအစု၌ သွင်းယူရသည်။
➢ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပညာအား အကူအညီပြုခြင်းဖြင့် ပညာအစု၌ သွင်းယူရသည်။

## သမာဓိနှင့် သမာဓိနိမိတ်

တစ်ဖို့တစ်စုတည်းဖြစ်ခြင်း အာရုံတစ်ခုတည်းရှိခြင်းသည် သမာဓိဖြစ်သည်။
သတိပဋ္ဌာန်(၄)ပါးတို့သည် သမာဓိနိမိတ် (သမာဓိဖြစ်ကြောင်း) ဖြစ်သည်။

## သမာဓိအခြံအရံနှင့် သမာဓိဘာဝနာ

သမ္မပ္ပဓာန်(၄)ပါးတို့သည် သမာဓိအခြံအရံများ ဖြစ်သည်။
ဝိရိယ၊ သတိ၊ သမာဓိတို့ကို ကြိမ်ဖန်များစွာ အလေ့အကျင့်ပြုခြင်းသည် သမာဓိဘာဝနာ ဖြစ်သည်။
ဘာဝနာသည် သမာဓိဘာဝနာ၊ ပညာဘာဝနာ ဟု (၂) ပါးရှိသည်။
သမာဓိဘာဝနာသည် သမထသမာဓိ၊ ဝိပဿနာသမာဓိ၊ အရိယာမဂ္ဂသမာဓိ (၃)မျိုးတို့တွင် အရိယာမင်္ဂကို မေးရာမှ ဆက်ပြီးမေးသဖြင့် အရိယာမဂ္ဂသမာဓိ - ကို ဆိုလိုသည်။

## သင်္ခါရ (၃)မျိုး

သင်္ခါရများကို မေးသောအခါ ဘယ်သင်္ခါရမျိုးကို မေးနေတာလဲ ? ဟု စဉ်းစားစရာဖြစ်သော်လည်း ဓမ္မဒိန္နာထေရီမသည် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်နေသဖြင့် နိရောဓသမာပတ် အကြောင်းနှင့် ဆိုင်သော သင်္ခါရများကို မေးကြောင်း သိပါသည်။

**ဝင်လေထွက်လေ**တို့သည် ကိုယ်၌ဖြစ်၍ ကိုယ်နှင့်ဆက်စပ်နေသောကြောင့် **(ကာယသင်္ခါရ)** ဖြစ်သည်။
ရှေးဦးစွာ ကြံစည်သုံးသပ်ပြီး နောက်မှသာ နှုတ်ဖြင့် စကားကိုပြောဆိုရခြင်းကြောင့် **ဝိတက်နှင့် ဝိစာရ** သည် **(ဝစီသင်္ခါရ)** ဖြစ်သည်။

**သညာနှင့် ဝေဒနာ**သည် စိတ်၌မှီ၍ စိတ်နှင့် ဆက်စပ်နေသောကြောင့် **(စိတ္တသင်္ခါရ)** ဖြစ်သည်။

## နိရောဓသမာပတ် (သညာဝေဒယိတ နိရောဓသမာပတ်)

စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းကို နိရောဓသမာပတ်ဝင်စားသည်ဟု ဆိုရသည်။ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် (၃)မျိုးသာ ဖြစ်နေသည်။

**နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား သင်္ခါရ(၃)ပါးတို့တွင် အဘယ်သင်္ခါရသည် ရှေးဦးစွာ ချုပ်ပါသလဲ ?**

**ဝစီသင်္ခါရ သည် ရှေးဦးစွာ ချုပ်သည်၊ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် စိတ္တသင်္ခါရ သည် ချုပ်သည်။**

ဒုတိယဈာန်ဝင်စားချိန်ကစပြီး ဝိတက် ဝိစာရ **(ဝစီသင်္ခါရ)** ကင်းသည်။

စတုတ္ထဈာန် ဝင်စားနေတဲ့အခါ ဝင်လေထွက်လေ **(ကာယသင်္ခါရ)** ကင်းသည်။

နေဝသညာနာသညာယတနဈာန်စိတ် ချုပ်သောအခါ သညာ ဝေဒနာ **(စိတ္တသင်္ခါရ)** ကင်းသည်။ ယင်းတို့ကို ရည်ရွယ်ပြီး ဖြေသည်။

**နိရောဓသမာပတ်မှထသောပုဂ္ဂိုလ်အား သင်္ခါရ (၃) ပါးတို့တွင် အဘယ်သင်္ခါရသည် ရှေးဦးစွာ ဖြစ်ပါသလဲ?**

**စိတ္တသင်္ခါရ**သည် ရှေးဦးစွာ ဖြစ်သည်။ ထို့နောက် **ကာယသင်္ခါရ**၊ ထို့နောက် **ဝစီသင်္ခါရ** သည် ဖြစ်သည်။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇောက စ၍ ဖြစ်သည်။ ထိုဇောသည် စတုတ္ထဈာန်နှင့်ယှဉ်သော စိတ်သာဖြစ်သင့်သောကြောင့် ဝင်လေထွက်လေ ဖြစ်ခွင့်မရှိ၊ ဝိတက်ဝိစာရလည်း မဖြစ်၊ ထိုဖိုလ်ဇောများနှင့် အတူဖြစ်သော ဝေဒနာသညာစသော စေတသိက်များကို ကြည့်၍ ပထမစိတ္တသင်္ခါရ၊ ထို့နောက် ဘဝင်စိတ် ဖြစ်ခိုက်က စ၍ ကာယသင်္ခါရ ဖြစ်သည်။

သမာပတ်မှ ထပြီးနောက် ဘဝင်စိတ်များစွာခြားပြီး ပြုမူပြောဆိုသော စိတ်တို့ဖြစ်သောအခါ ဇောစိတ်တို့၌ယှဉ်သော ဝိတက်ဝိစာရဖြစ်မှသာ ဝစီသင်္ခါရ ဖြစ်သည်။

**နိရောဓသမာပတ်မှ ထသောရဟန်းကို အဘယ်မျှသော ဖဿတို့သည် တွေ့ထိပါသလဲ ?**

နိရောဓသမာပတ်မှ ထသောအခါ ဖလသမာပတ်က စ၍ ဖြစ်သည်။

▪ ထိုဖလသမာပတ်သည် ရာဂစသော ကိလေသာသင်္ခါရ ကင်းဆိတ်သော သုညတနိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိသည်။ **(သုညတဖဿ)**

▪ ရာဂစသောနိမိတ် ကင်းဆိတ်သောနိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိသည်။ **(အနိမိတ္တဖဿ)**

▪ ရာဂစသည် တောင့်တခြင်းကင်းသော နိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိသည်။ **(အပ္ပဏိဟိတဖဿ)**

**နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်၏ စိတ်သည် မည်သည့်အာရုံသို့ ညွတ်ယိမ်း ကိုင်းရှိုင်းပါလဲ ?**

ကိလေသာဆိတ်သုဉ်းရာနိဗ္ဗာန်သို့ ညွတ်ယိမ်း ကိုင်းရှိုင်းသည်။

**ဝေဒနာ(၃)ပါး**

၁။ ကိုယ်စိတ်ထဲ၌ ဖြစ်သော သာယာဖွယ်ခံစားမှုသည် **သုခဝေဒနာ**။

၂။ ကိုယ်စိတ်ထဲ၌ဖြစ်သော မသာယာဖွယ် ခံစားမှုသည် **ဒုက္ခဝေဒနာ**။

၃။ ကိုယ်စိတ်ထဲ၌ဖြစ်သော သာယာဖွယ်လည်း မဟုတ်၊ မသာယာဖွယ်လည်း မဟုတ်သော ခံစားမှုသည် **အဒုက္ခမသုခဝေဒနာ**

**ဝေဒနာတို့၌ မည်သို့သော ချမ်းသာမှု၊ မည်သို့သော ဆင်းရဲမှုများ ရှိပါသလဲ ?**

**သုခဝေဒနာ**၌ တည်ရှိနေခြင်း ချမ်းသာမှုရှိသည်၊
ဖောက်ပြန်ပြောင်းလဲသွားခြင်း ဆင်းရဲမှုရှိသည်။

**ဒုက္ခဝေဒနာ**၌ တည်ရှိနေခြင်း ဆင်းရဲမှုရှိသည်၊
ဖောက်ပြန်ပြောင်းလဲသွားခြင်း ချမ်းသာမှုရှိသည်။

**အဒုက္ခမသုခဝေဒနာ၌** သိခြင်း ချမ်းသာမှုရှိသည်၊
မသိခြင်း ဆင်းရဲမှုရှိသည်။

ဥပေက္ခာဝေဒနာ၌ သိခြင်း၊ မသိခြင်း ဝိပဿနာဉာဏ်ဖြင့်သိလျှင် ဥဒယဗ္ဗဉာဏ်စသည် ဖြစ်ပြီး ချမ်းသာသည်။ ဝိပဿနာဉာဏ်ဖြင့် မသိလျှင် ဆင်းရဲသည်။ (ဋီကာ)

▪ အသိဉာဏ်နှင့်ယှဉ်လျှင်၊ အသိဉာဏ်မှီပြီး ကုသိုလ်ဖြစ်လျှင် ဥပေက္ခာဝေဒနာသည် ချမ်းသာသည်။

▪ ဉာဏ်နှင့်မယှဉ်ဘဲ မောဟနှင့်ယှဉ်လျှင်၊ မောဟမှီပြီး အကုသိုလ်ဖြစ်လျှင် ဥပေက္ခာ ဝေဒနာသည် ဆင်းရဲသည်။

## ဝေဒနာ(၃)ပါး၌ အနုသယကိန်းပုံ

**သုခဝေဒနာ**၌ ရာဂါနုသယ ကိန်းသည်။

**ဒုက္ခဝေဒနာ**၌ ပဋိဃာနုသယ ကိန်းသည်။

**အဒုက္ခမသုခဝေဒနာ**၌ အဝိဇ္ဇာနုသယ ကိန်းသည်။

* **သုခဝေဒနာကို မရှုနိုင်ခြင်းကြောင့်** အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိနိုင်လျှင်၄င်း၊ ချမ်းသာမှုကိုပြန်လည်အောက်မေ့ပြီး သာယာမှုများ ထပ်ကာထပ်ကာဖြစ်နေလျှင်၄င်း ရာဂကိန်းသည်။

* **ဒုက္ခဝေဒနာကို မရှုနိုင်ခြင်းကြောင့်** အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိနိုင်လျှင်ငင်း၊ ဒေါသကိုပြန်လည်အောက်မေ့ပြီး ဒေါသများ ထပ်ကာထပ်ကာ ဖြစ်နေလျှင်ငင်း ပဋိဃ (ဒေါသ) ကိန်းသည်။

* **ဥပေက္ခာဝေဒနာကို မရှုနိုင်ခြင်းကြောင့်** အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိနိုင်လျှင်ငင်း၊ ချမ်းသာသောအနေဖြင့် အသိမှားမှုကို ပြန်လည်အောက်မေ့ပြီး ထပ်ကာထပ်ကာ ဖြစ်နေလျှင်ငင်း အဝိဇ္ဇာ (မောဟ) ကိန်းသည်။

ဝိဘင်းပါဠိတော် (၃၅၃)၌ အဝိဇ္ဇာနှင့်အတူ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့လည်း ကိန်းသည်ဟု မိန့်တော်မူ၏။

**သုခဝေဒနာအားလုံး၌ ရာဂါနုသယ၊**

**ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ၊**

**ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ကိန်းပါသလား ?**

သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကိန်းတာချည်း မဟုတ်ပါ။

ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ ကိန်းတာချည်း မဟုတ်ပါ။

ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ကိန်းတာချည်း မဟုတ်ပါ။

**သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကိန်းတာချည်း မဟုတ်ပါဟု ဆိုလျှင်**

**ဘယ်လိုသုခ၌ ရာဂကိန်းသလဲ ? ဘယ်လိုသုခ၌ ရာဂမကိန်းသလဲ ?** ဟု မေးစရာရှိသည်။

(ဒုက္ခ ၊ ဥပေက္ခာဝေဒနာတို့၌လည်း နည်းတူ မေးစရာ ရှိသည်)

သို့သော်လည်း ဝိသာခဥပါသကာသည် သဘောပေါက် နားလည်သဖြင့် ထပ်ပြီးမမေးပါ။

ဝိပဿနာဉာဏ်ဖြင့် မရှု မသိရသော ရုပ်နာမ်တို့၌ ရာဂါနုသယ စသည်ကိန်းသည်။

ဝိပဿနာဉာဏ်ဖြင့် ရှု သိရသော ဝေဒနာတို့၌ ရာဂါနုသယစသည် မကိန်းပါ။

**ဝေဒနာ(၃)ပါး၌ အနုသယကို ပယ်ပုံ**

**သုခဝေဒနာ**၌ ရာဂါနုသယကို ပယ်အပ်သည်။

**ဒုက္ခဝေဒနာ**၌ ပဋိဃာနုသယကို ပယ်အပ်သည်။

**အဒုက္ခမသုခဝေဒနာ**၌ အဝိဇ္ဇာနုသယကို ပယ်အပ်သည်။

ဝေဒနာတို့ကို ရှုမှတ်ပြီး အနိစ္စစသည်ဖြင့် သိနေလျှင် ရာဂါနုသယစသည် ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းသွားသည်။

**သုခဝေဒနာအားလုံး၌ ရာဂါနုသယကို ပယ်အပ်ပါသလား ?**

**ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယကို ပယ်အပ်ပါသလား ?**

**ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ပယ်အပ်ပါသလား ?**

သုခဝေဒနာအားလုံး၌ ရာဂါနုသယကို ပယ်အပ်သည်ချည်း မဟုတ်။ (မပယ်အပ်သည်လည်း ရှိသည်) (ဒုက္ခ၊ ဥပေက္ခာတို့၌လည်း နည်းတူ ဖြေသည်။)

ယောဂီပုဂ္ဂိုလ်သည် ကာမဂုဏ်၊ နီဝရဏအကုသိုလ်တို့မှကင်းသော ပထမဈာန်ကို ဝင်စား၏၊ ပထမဈာန်မှထကာ ထိုပထမဈာန်တရားတို့ကို ဝိပဿနာရှု၍ အနာဂါမိမဂ်ဖိုလ်ကို ရသွားလျှင် အနာဂါမိမဂ်ဖြင့် ကာမရာဂါနုသယကို အကြွင်းမဲ့ပယ်သည်။

ထိုအနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်အပ်သော ကာမရာဂါနုသယသည် ပထမဈာန်ကို အခြေပြု၍ ပထမဈာန်ဖြင့် ခွါထားသောကြောင့် ပထမဈာန်၌ ကာမရာဂါနုသယသည် မကိန်း။

ပထမဈာန်၌ ကာမရာဂဖြစ်ခွင့်မရှိတဲ့တွက် ထိုပထမဈာန်မှာရှိသော သုခဝေဒနာ၌ ကာမရာဂါနုသယကို ဝိပဿနာဖြင့် ပယ်စရာမလို။ ထို့ကြောင့် ပထမဈာန်၌ ကာမရာဂါနုသယကို ပယ်အပ်သည် မဟုတ်ဟု ဆိုလိုသည်။ (မူ၊ ပဏ်ၰ၊ ၂၊ ၂၆၇)
(ဤမေးခွန်းအဖြေကို အနာဂါမ်ပုဂ္ဂိုလ်က မေးသဖြင့် အနာဂါမိမဂ် အဖြေသာ သင့်၏၊ ဆရာတို့ကား အရဟတ္တမဂ်ဟု ယူဆသည်။)

“ တရားထူးကို (၂)လ (၃)လအတွင်း ရလိမ့်မယ် “ ဟု မျှော်လင့်ချက်ထားပြီး တရား အားထုတ်သောပုဂ္ဂိုလ်မှာ မျှော်လင့်ထားသောအချိန်၌ တရားထူးမရခဲ့လျှင် “သူများတွေမှာ တရားထူး ရကြတယ်၊ ငါ့မှာ မရသေးဘူး၊ တရားထူး ရမှ ရပါဦးမလား´´ စသည်ဖြင့် ဝမ်းနည်းမှု ဒေါမနဿဖြစ်တတ်သည်။

တရားထူးရရေးကို မှီပြီးဖြစ်သောဒေါမနဿသည် ပယ်အပ်သောတရားမဟုတ်ဘဲ မှီဝဲအပ်သောတရားဖြစ်သည်။ (သက္ကပဉ္ဟသုတ်)

ထိုဒေါမနဿကို အမှီပြုပြီး ကြိုးစားအားထုတ်သဖြင့် အနာဂါမိမဂ်ဖိုလ် ရသွားလျှင် ဒေါမနဿဒုက္ခဝေဒနာ၌ဖြစ်သော ဒေါမနဿကို ပယ်ပြီးဖြစ်သည်။ ထို့ကြောင့် ဒေါမနဿဒုက္ခဝေဒနာ၌ ပဋိဃာနုသယ မကိန်းသဖြင့် ထိုဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပယ်စရာမလို။

ယောဂီပုဂ္ဂိုလ်သည် စတုတ္ထဈာန်ကို ဝင်စားသည်။ ထိုစတုတ္ထဈာန်မှထပြီး စတုတ္ထ ဈာန်တရားတို့ကို ဝိပဿနာရှုသဖြင့် အနာဂါမိမဂ်ဖိုလ်ကိုရသွား၏။ (အရဟတ္တမဂ်ဖိုလ်ကိုရ၏။) စတုတ္ထဈာန် ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာဖြစ်ခွင့် မရှိသောကြောင့် စတုတ္ထဈာန်ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်ရန် မလိုပါ။

## စင်ပြိုင် ပုံတူ တရား

➢ **သုခဝေဒနာ**၏ စင်ပြိုင်တူ တရားသည် - **ဒုက္ခဝေဒနာ**ဖြစ်သည်။

သုခဝေဒနာ - နှစ်သက်စရာကောင်းသော အာရုံ၌ ချမ်းသာစွာ ခံစားမှု၊

ဒုက္ခဝေဒနာ - နှစ်သက်စရာမကောင်းသော အာရုံ၌ ဆင်းရဲစွာ ခံစားမှု ဖြစ်၍ စင်ပြိုင်ဆန့်ကျင်ဘက် အနေဖြင့် တူသည်။ (ဝေဒနာအနေဖြင့် တူသည်။)

**တူမှုသည်  ဆန့်ကျင်ဘက်အနေဖြင့် တူခြင်း၊ မဆန့်ကျင်ဘဲ တူခြင်း - ဟု (၂)မျိုးရှိ သည်။**
**(တောင်ကြီး + ချောက်ကြီး) (လူဖြူ + လူမဲ)**

➢ **ဒုက္ခဝေဒနာ**၏ စင်ပြိုင်တူတရားသည် **သုခဝေဒနာ**ဖြစ်သည်။

➢ **ဥပေက္ခဝေဒနာ**၏ ပုံတူတရားသည် **အဝိဇ္ဇာ**ဖြစ်သည်။

* သုခနှင့် ဒုက္ခဝေဒနာသည်  ထင်ရှားသည်၊ သိလွယ်သည်။
* ဥပေက္ခာဝေဒနာသည်ကား  မထင်ရှား၊ အသိခက်သည်။
* လောဘနှင့် ဒေါသသည်  ထင်ရှားသည်၊ သိလွယ်သည်
* မောဟ(အဝိဇ္ဇာ) သည်ကား မထင်ရှား၊ အသိခက်သည်။
* ဥပေက္ခာနှင့် အဝိဇ္ဇာတို့သည်  မထင်ရှား အသိခက်သော အခြင်းအရာအားဖြင့် တူကြသည်။

➢ **အဝိဇ္ဇာ** ၏ စင်ပြိုင်ပုံတူတရားသည် **ဝိဇ္ဇာ(ဉာဏ်)** ဖြစ်သည်။

အဝိဇ္ဇာ - အမှောင်၊ အလွဲအမှားကို သိနေမှု။

ဝိဇ္ဇာ - အလင်းရောင်၊ အမှန်ကို သိနေမှု။

အလင်းရောင်ပေါ်လာလျှင် အမှောင်ပျောက်သကဲ့သို့...
ဝိဇ္ဇာ (အရိယာမဂ်ဉာဏ်)ဖြင့် အဝိဇ္ဇာကို အမြစ်ပြတ် ပယ်သည်။
ထို့ကြောင့် အဝိဇ္ဇာနှင့် ဝိဇ္ဇာတို့သည် ဆန့်ကျင်ဘက် စင်ပြိုင်အနေဖြင့် တူကြသည်။

➢**ဝိဇ္ဇာ (ဉာဏ်)** ၏ ပုံတူတရားသည် **ဝိမုတ္တိ** ဖြစ်သည်။
ဝိဇ္ဇာသည် အရိယာမဂ် ဖြစ်သည်။ .
ဝိမုတ္တိသည် အရိယာဖိုလ် ဖြစ်သည်။
ဝိဇ္ဇာနှင့် ဝိမုတ္တိတို့သည် အနာသဝတရား၊ လောကုတ္တရာတရားများ ဖြစ်ကြသဖြင့် တူကြသည်

➢ **ဝိမုတ္တိ** ၏ ပုံတူတရားသည် **နိဗ္ဗာန်** ဖြစ်သည်။
ဝိမုတ္တိ အရိယာဖိုလ်နှင့် နိဗ္ဗာန်တို့သည်
အာသဝေါကိလေသာတို့၏ အာရုံအဖြစ်မှ ကင်းလွတ်သည်၏ အဖြစ်ဖြင့်ငှင်း၊ လောကုတ္တရာ
အဗျာကတတရား အဖြစ်ဖြင့်ငှင်း တူကြသည်။

ဝိမုတ္တိ - အရိယာဖိုလ်သည် = သခ်ၤတတရား၊ သာရမ္မဏတရား၊ နိဗ္ဗာန်ကို အာရုံပြုသောတရား၊
အနိစ္စတရား၊ နာမ်ခန္ဓာ (၄)ပါး ၊ အဇ္ဈတ္တိကတရား ဖြစ်သည်။
နိဗ္ဗာန်သည် အသခ်ၤတတရား၊ အနာရမ္မဏတရား၊ နိစ္စတရား၊ ခန္ဓာဝိမုတ်တရား၊
ဗဟိဒ္ဓတရားဖြစ်သည်။
ထို့ကြောင့် ဝိမုတ္တိနှင့် နိဗ္ဗာန်တို့သည် ဆန့်ကျင်ဘက် စင်ပြိုင်တူတရား ဖြစ်ကြသည်။

➢ **နိဗ္ဗာန်၏ ပုံတူတရားသည် အဘယ်ပါနည်း?**

"ဒကာ ဝိသာခ...သင်သည် မေးသင့် မေးထိုက်သော မေးခွန်းကို ကျော်လွန်သွားပြီ၊ ထိုမေးခွန်းကို အဆုံးမသတ်နိုင်ဘဲ ရှိချေပြီ။ အဘယ့်ကြောင့်ဆိုလျှင်... အကျင့်မြတ်သည် နိဗ္ဗာန်သို့သာ သက်ဝင်၍ နိဗ္ဗာန်သာလျှင် အဆုံးသတ်ရှိသောကြောင့် ဖြစ်တယ်"...လို့ ဖြေတော်မူသည်။

မြတ်စွာဘုရား၏ အကျင့်မြတ်သည် နိဗ္ဗာန်သည် အမြင့်ဆုံး အမြတ်ဆုံး လမ်းဆုံးဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်နှင့်တူသော တရားလည်း မရှိသဖြင့် မမေးသင့်တဲ့မေးခွန်းကို မေးသည်ဟု ဆရာတို့မိန့်ဆိုသည်။

ဝိသာခဥပါသကာသည် မိမိရအပ် သိအပ်ပြီးသော အရာဝယ် အစဥ်အတိုင်း အောက်မဂ်သုံးပါးတို့၌ မေးသင့်သမျှကို မေးပြီးလျင် နာယူမှတ်သားဖူးသည့်အတိုင်း အရဟတ္တမဂ်၌လည်း မေးမြန်းလေရာ မိမိမေးသင့်သော အရာနယ်ပယ်ကို ကျော်လွန်၍ မေးသည်ဟု ဆိုလိုသည်။

ဓမ္မဒိန္နာဘိက္ခုနီမသည်  ဝိသာခဥပါသကာကို "ယခုဖြေကြားတာကို အားမရသေးလျှင် မြတ်ဗုဒ္ဓထံ သွားပြီးမေးပါ။ မြတ်ဗုဒ္ဓက ဖြေကြားတော်မူသည့်အတိုင်းသာ မှတ်ယူပါ" ဟု မိန့်သည်။

ဝိသာခဥပါသကာသည် ဓမ္မဒိန္နာ ဖြေကြားချက်များကို နှစ်သက်လက်ခံ၍ သာဓုခေါ်ကာ ဓမ္မဒိန္နာကို ရိုသေစွာ ရှိခိုးပြီးနောက် မြတ်ဗုဒ္ဓထံသွားရောက်၍ ရိုသေစွာ ရှိခိုးသည်။ သင့်လျော်သော နေရာမှာထိုင်၍ ဓမ္မဒိန္နာဘိက္ခုနီမနှင့် အမေးအဖြေလုပ်ခဲ့တဲ့ အကြောင်းအရာများကို လျှောက်ထားပါသည်။

မြတ်ဗုဒ္ဓက "ဒကာဝိသာခ…ဓမ္မဒိန္နာသည် ကြီးကျယ်သောပညာနှင့် ပြည့်စုံသူဖြစ်တယ်။ ထိုမေးခွန်းများကို ငါဘုရားအား မေးလျှောက်လာလျှင်လည်း ဒီအတိုင်းပင် ဖြေကြားရမည်ဖြစ်တယ်။"  ဟု ထောက်ခံ မိန့်ကြားတော်မူရာ ဝိသာခဥပါသကာ သည် အလွန်ကျေနပ်အားရသွားလေသည်။

စူဠဝေဒလ္လသုတ်ကို အကြောင်းပြုပြီး  မြတ်ဗုဒ္ဓသည် ရှေးကဆုတောင်းခဲ့သော ဓမ္မကထိကဧတဒဂ်ဘွဲ့ထူးကို ဓမ္မဒိန္နာဘိက္ခုနီမအား ချီးကျူးပေးတော်မူသည်။

(မူလပဏ္ဏာသ ပါဠိတော် ၃၇၃။  ဋ္ဌ၊၂-၂၅၅)